# လမ်းဘေးဈေးသည်များရောင်းချနေသောအစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးပို့ချခြင်းလုပ်ငန်းစီမံချက်

## နိဒါန်း

၁။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အမျိုးသားအစားအသောက်ဥပဒေပါ ရည်ရွယ်ချက်များအားအခြေခံ၍ နိုင်ငံတော်အတွင်း ထုတ်လုပ်တင်သွင်းရောင်းချလျက်ရှိသော အစားအသောက်များ၏ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီရေးနှင့် စပ်လျဥ်းသည့်ကိစ္စရပ်များကိုဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် လမ်းဘေးဈေးသည်များ၊ ရွှေ့လျားတွန်းလှည်းဆိုင်များကိုလည်း ကျန်မာရေးနှင့်ညီညွတ်စွာ ပြင်ဆင်ရောင်းချနိုင်ရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ရန်လိုအပ်ပါသည်။

၂။ လမ်းဘေးဈေးသည်များ၊ ရွှေ့လျားတွန်းလှည်းဆိုင်များအား ကျန်းမာရေးနှင့်ညီညွတ်အောင် စစ်ဆေးကြီးကြပ်ကွပ်ကဲနိုင်ရန်မှာ ကျယ်ပြန့်လွန်းသည့်အတွက် စည်ပင်သာယာရေးကော်မတီများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနများသည် တာဝန်ခွဲဝေဆောင်ရွက်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းသတ်မှတ်ရန်လိုအပ်ပါသည်။ သို့မှသာ ဈေးဆိုင်များ၏သန့်ရှင်းရေး၊ ရေရရှိရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်စွန့်ပစ်ရေး စနစ်များတိုးတက်လာပြီး ကျန်းမာရေးနှင့်ညီညွတ်သောအစားအသောက်များ ရရှိနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စားသုံးသူပြည်သူများ၏ရေရှည်ဘဝ ကျန်းမာရေးထိခိုက်မှု အန္တရာယ်မှကင်းဝေးစေရေးအတွက် သန့်ရှင်း၍ကျန်းမာရေးနှင့်ညီညွတ်သော လမ်းဘေးဈေးဆိုင်များ ပေါ်ပေါက်စေရေး ရည်ရွယ်ချက်ဖြင့် ရေရှည်ဆောင်ရွက်နိုင်မည့် အစီအမံများဆက်လက်ရေးဆွဲနိုင်ရန် ဤကနဦးစီမံချက် (Pilot Project) ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၄။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လမ်းဘေးဈေးသည်များတွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်ပတ်သက်သော အသိပညာဗဟုသုတများ တိုးပွားလာစေရန်။

(ခ) အစားအသောက်ချက်ပြုတ်ပြင်ဆင်ရာတွင် ကောင်းမွန်သင့်လျော်သောကုန်ကြမ်းနှင့် စားသောက်ကုန်များကို ရွေးချယ်အသုံးပြုရောင်းချတတ်စေရန်။

(ဂ) ကောင်းမွန်သောသန့်ရှင်းမှုကျင့်စဥ်နှင့်အညီ ချက်ပြုတ်ပြင်ဆင်ရောင်းချသည့် အလေ့အကျင့်ကောင်းများ အစဥ်တစိုက်လိုက်နာကျင့်သုံးစေရန်။

(ဃ) ကျန်းမာရေးနှင့်ညီညွတ်သော စံပြုလမ်းဘေးဈေးဆိုင်များပေါ်ပေါက်လာရန်။

**လုပ်ဆောင်နည်း**

၅။ စီမံချက်ကာလ

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလအတွင်းတွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်မြို့ နှင့် မန္တလေးမြို့တို့၌ အသီးသီးဆောင်ရွက်သွားရန် လျာထားပါသည်။

၆။ ဆောင်ရွက်မည့်လုပ်ငန်းများ

(က) အသိပေးသင်တန်းဦးစားပေးဆောင်ရွက်မည့် နယ်ပယ်ကဏ္ဍကို သက်ဆိုင်ရာဌာန/ အဖွဲ့ အစည်းများနှင့် ညှိနှိုင်းသတ်မှတ်ရန်။ (စည်ပင်သာယာနယ်နိမိတ်အတွင်း ဈေးရောင်းချ သည့်ဆိုင်/ လမ်းဘေးဈေးသည်/ ရွှေ့လျား စားသောက်ဆိုင်)

(ခ) နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တော်စည်ပင်သာယာကော်မတီ နယ်နိမိတ်များ တွင် စတင်ဆောင်ရွက်သင်တန်းပြုလုပ်ရန်။

(ဂ) ဦးစားပေးဆောင်ရွက်ရန်လျာထားသော သတ်မှတ်နယ်ပယ်ကဏ္ဍ၊ အုပ်စုဝင်ဈေးသည် များကို အုပ်စုလိုက်သင်တန်းပို့ချရန်။

(ဃ) ဖေဖော်ဝါရီလနှင့်မတ်လတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ မတ်လနှင့်ဧပြီလတွင် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေတို့၌ အသိပညာပေး သင်တန်းများကို ပြုလုပ်ရန်။

(င) တက်ရောက်အောင်မြင်ပြီးသူများအား သင်တန်းဆင်းအသိအမှတ်ပြု Logo (သို့မဟုတ်) သင်တန်းဆင်းလက်မှတ် ပေးအပ်ရန်။

၇။ သင်တန်းပို့ချမည့် အစီအစဉ်

အောက်ပါအစီအစဉ်အတိုင်း အသိပညာပေးသင်တန်းများကို သင်တန်းကာလ (၁) ရက်ဖြင့် တကြိမ်လျှင်သင်တန်းသားဦးရေ (၅၀) ဦးခန့်အား ပို့ချရန် လျာထားပါသည်-

| စဉ် | အချိန် | သင်တန်းပို့ချမည့်အကြောင်းအရာ | သင်တန်းပို့ချမည့် ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| ၁။ | ၀၈:၀၀ နာရီမှ ၀၈:၃၀ နာရီထိ | သင်တန်းတက်ရောက်သူများမှ အမည်စာရင်း ရေးသွင်းခြင်း | |
| ၂။ | ၀၈:၃၀ နာရီမှ ၀၈:၄၅ နာရီထိ | အဖွင့်အမှာစကားပြောကြားခြင်း | |
| ၃။ | ၀၈:၄၅ နာရီမှ ၀၉:၀၀ နာရီထိ | အမှတ်တရ စုပေါင်းဓာတ်ပုံမှတ်တမ်း တင်ရိုက်ကူးခြင်း | |
| ၄။ | ၀၉:၀၀ နာရီမှ ၁၀:၀၀ နာရီထိ | အစားအသောက်များတွင် ထည့်သွင်း သုံးစွဲမည့်ပစ္စည်းများ ရွေးချယ်သုံးစွဲ ရေး၊ ခွင့်မပြုဆိုးဆေးများ အကြောင်း နှင့် အစားအသောက်များ ပြင်ဆင် ရောင်းချရာတွင် တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် သန့်ရှင်းသော အလေ့ အကျင့်ကောင်းများ ကျင့်သုံးနိုင်ရေး၊ ဘေးကင်းသော အစားအစာများ ဖြစ် ပေါ်စေရေးအတွက်လိုက်နာ ဆောင်ရွက်ရေး နှင့်ပတ်သက်၍ အသိပညာပေးခြင်း။ | အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန |
| ၅။ | ၁၀:၀၀ နာရီမှ ၁၀:၁၅ နာရီထိ | Tea break | |
| ၆။ | ၁၀:၁၅ နာရီမှ ၁၀:၄၅ နာရီထိ | အသီးအရွက်များ ရွေးချယ်ဝယ်ယူ အသုံးပြုရာတွင် လိုက်နာဆောင်ရွက် ရမည့် အချက်များနှင့်ပတ်သက်၍ အသိပညာ ပေးခြင်း။ | စိုက်ပျိုးရေးဦးစီးဌာန |